# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

March 22 , 2023 Volume 64, Number 15


**၂၂.၃.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၉၃၇ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၉၄၃၆
၀၁-၃၇၉၄၉၀
ဖက်စ် ၀၁- ၃၇၉၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်း ဝါ မူဆယ်စျေးကွက် ဝယ်လိုအားကောင်းနေ




ပြည်တွင်းဝါ မူဆယ်စျေးကွက် ဝယ်လိုအား ကောင်းနေခြင်းကြောင့် စျေးကောင်းနေကြောင်း လုပ်ငန်းရှင်တစ်ချို့ထံမှ သိရသည်။

လက်ရှိတွင် ဝါ ကို တရုတ်ဘက်သို့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တဆင့် တင်ပို့နေခြင်းဖြစ်ပြီး ပုံမှန်ဝယ်ယူမှုများ ရှိနေကြောင်းသိရသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အနေဖြင့် ၂၀၂၃ခုနှစ် မတ်လ ၅ ရက်နေ့ တစ်ရက်တာအတွင်း ဝါတန်ချိန် ၅၁.၅ တန်အထိ တင်ပို့နိုင်ခဲ့ကြောင်းသိရပြီး တစ်ရက်ပျမ်းမျှ ယင်းပမာဏ ပတ်ဝန်းကျင်ခန့်သာ တင်ပို့နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများမှ သိရသည်။

"တရုတ်က အဝယ်ပုံမှန်ရှိနေလို့ စျေးကွက်ပြန်ဖြစ်လာတာပါ။ လက်ရှိစျေးကွက်မှာ ဝါက လက်ကျန်နည်းလာပြီးဆိုတော့ စျေးက စပေါ်ကာစစျေးထက် မြင့်လာတဲ့သဘောပါ။ ကျသွားလည်း အရမ်းကြီးမကျသွားဘူး၊ ၅၀၊ ၁၀၀ လောက်ပဲ။ ဒေသတခုနဲ့တခု စျေးကတော့ကွာမှာပဲ လက်ကျန်ရှိတဲ့ပေါ်မှာ မူတည်တယ်။ တချို့ ကလှောင်ထားတဲ့သူတွေမှာပဲရှိတယ်"ဟု မန္တလေးမြို့မှ ဝါလုပ်ငန်းလုပ်ကိုင်သူ ကိုမြင့်လွင်ကပြောသည်။

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်ပြီး ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိသည်။

ထို့အပြင် မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဘက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်တောင်းခံလာပါက စိစစ်ခွင့်ပြုပေးလျက်ရှိရာ မတ်လ ၁၂ ရက်နေ့အထိ ဝါဂွမ်းတင်ပို့မှုအတွက် (၂)စောင် ထုတ်ပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်း များမှ သိရသည်။

၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ စီမံကိန်းအရ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ရှမ်း၊ နေပြည်တော်ဒေသများတွင် ပြည်တွင်းပြည်ပ စျေးကွက် ဝယ်လိုအားရှိသည့်

အရည်အသွေးကောင်း ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ပြည်တွင်း ချည်မျှင်နှင့်အထည်စက်ရုံများအတွက် လိုအပ်သည့် အရည်အသွေးကောင်း ဝါများထုတ်လုပ်ပြီး ပြည်ပမှ ဝါနှင့်ဝါထွက်ကုန်ချောပစ္စည်းများ တင်သွင်းနေရမှုမှ နိုင်ငံခြားငွေယိုဖိတ်မှု လျော့နည်း သက်သာလာစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

ဝါစိုက်ဧရိယာနှင့် ဝါတစ်ဧက အထွက်နှုန်းလျာထားချက် ပြည့်မီရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရည်အသွေး ကောင်း ဝါထုတ်ကုန်များရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် တောင်သူများအနေဖြင့် ချည်မျှင်ရှည်ဝါများ အကုန်ရိတ်သိမ်းပြီးဖြစ်၍ ဈေးကွက်တွင် ဝါကြီးများသာ ရှိတော့သောကြောင့် လက်ကျန်နည်းလာကာ အဝယ်လိုက်နေခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။ “ အစက ဝါဈေးကွက်ကို အားမရခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်တွေက ဝါဈေးက ၃၅၀၀ အထက်တွေမှာရှိခဲ့တာ။ စပေါ်ချိန်က ၂၉၀၀ လောက်ပဲရတယ် တချို့နေရာတွေဆို ဒီဈေးလောက်တောင်မရဘူး။ စပေါ်ချိန်နဲ့ယှဉ်ရင် ဈေးရလာတဲ့သဘောပါ ။ အရင်တချို့နှစ်တွေနဲ့ယှဉ်ရင် နည်းသေးတယ်”ဟု မကွေးတိုင်းမှ ဝါစိုက်ပျိုးသူတစ်ဦးကပြောသည်။

ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် ဝါအထွက်နှုန်း လျော့ကျလျက်ရှိကြောင်းလည်း ဝါစိုက်တောင်သူများထံမှ သိရသည်။ ထို့ကြောင့် ဝါလှိုင်လှိုင်ပေါ်ချိန်က တစ်ပိဿာလျှင် ၂၉၀၀ သာရှိခဲ့ပြီး၊ လက်ရှိတွင် ၃၁၀၀ မှ ၃၅၀၀ ကျပ်ဖြင့် တောင်သူများ ဈေးရနေကြောင်း သိရသည်။

**Source: AMIA**

[https://t.me/htwettoe](https://t.me/htwettoe)

## မြန်မာ့ ပဲစင်းငုံဈေး နှစ်ရက်အတွင်း ကျပ် ၄၅၀၀ ခုန်တက်

အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူနေသည့် ပဲစင်းငုံဈေးမှာ မုံရွာဈေးကွက်တွင် နှစ်ရက်အတွင်း ကျပ် ၄၅၀၀ ခုန်တက်သွားကြောင်း ဒေသခံ ပဲစင်းငုံရောင်းဝယ်သူများထံမှ သိရသည်။

ပဲစင်းငုံ ပိဿာ ၂၀ တစ်တင်းဈေးနှုန်းသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဩဂုတ်လနှင့်စက်တင်ဘာလတို့ရောက်မှသာ ကျပ် ၆၈၅၀၀ဖြင့် အမြင့်ဆုံးဈေးဖြစ်ခဲ့သော်လည်း ယခု ၂၀၂၃ခုနှစ်တွင် မတ်လမှစတင်ကာ ကျပ် ၇၅၀၀၀ ဈေးဖြင့် အမြင့်ဘက်တွင် ရောက်ရှိနေခြင်းဖြစ်သည်။

ယင်းသီးနှံသည် နှစ်စဉ် ဒီဇင်ဘာနှင့်ဇန်နဝါရီလတွင် စတင်ထွက်ရှိပြီး ဈေးကွက်အစက တစ်တင်း ကျပ် ၅၄၀၀၀ ဖြင့် ဈေးဖွင့်ခဲ့ကြကာ တောင်သူများအနေဖြင့် သီးနှံပေါ်ချိန်ကတည်းက သိုလှောင်မှုမရှိဘဲ ထုတ်ရောင်းနေကြသည့်အတွက် လက်ရှိတွင် ၎င်းတို့လက်ဝယ်အတွင်း ကုန်လက်ကျန်မရှိကြောင်းသိရသည်။

အဆိုပါသီးနှံကို မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သည့် မကွေး၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ မုံရွာ၊ နတ်မောက်၊ ရေနံချောင်း အစရှိသည့်ဒေသများတွင် အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**Source:** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## သကြံန်မတိုင်မီထိ ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲမျိုးစုံ အမြင့်ဈေးအတိုင်း အရောင်းအဝယ်သွက်နေမည်




အမြင့်ဈေးဖြင့်တည်ငြိမ်နေသည့် ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲမျိုးစုံမှာ လက်ရှိသီတင်းပတ်တွင်လည်း အရောင်းအဝယ်ဆက်လက်ကောင်းလျက်ရှိကာ လက်ရှိဖြစ်ပေါ်နေသောပေါက်ဈေးများဖြင့် သကြံန်ကာလမတိုင်မီထိ အရောင်းအဝယ်ကောင်းနေမည်ဖြစ်ကြောင်း ပဲကုန်သည်များက ခန့်မှန်းထားသည်။

မတ်လဆန်းပိုင်းမှစတင်ကာ ပဲအသစ်များ အဝင်များလာခြင်းနှင့်အတူ ပို့ကုန်ပဲများ ဈေးမြင့်တက်လာရာမှ ရွှေဈေးမြင့်တက်လာချိန်တွင် ဈေးအမြင့်ဆုံးဖြစ်လာပြီး ကြိုက်ရောင်းကြိုက်ဝယ်ဖြင့် ပဲဈေးကွက်တစ်ခုလုံး အရောင်းအဝယ်ကောင်းနေခဲ့

ခြင်းဖြစ်သည်။

ဈေးကွက်အနေအထားအရ သင်္ကြန်ကာလမတိုင်မီ ငွေပေး ၊ငွေယူ မြန်ဆန်နိုင်မည့် အရောင်းအဝယ်မျိုးကိုသာ ပြုလုပ်ကြပြီး အထူးသဖြင့် ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးကုလားပဲမှာ အရောင်းအဝယ်အကောင်းဆုံးဖြစ်နေကြောင်း သိရသည်။

“ပဲဈေးကွက်က ဒီသီတင်းပတ်မှာ အရောင်းရော၊ အဝယ်ရော ခပ်သွက်သွက်ဖြစ်နေပါတယ်။ ပြည်တွင်းသုံး V2 ကုလားပဲဆိုရင် ၂၁၁,၀၀၀ ထိပေါက်ဈေးရှိလာတယ်။ အရင်ပတ်ထက် တစ်အိတ် ကျပ် ၈,၀၀၀ လောက် ဆက်လက်မြင့်တက် လာတာပါ။ မတ်ပဲနဲ့ပဲစင်းငုံလည်း ဈေးဆက်တိုက် တက်လာပါတယ်။ ရန်ကုန်အဝယ်ထက် မန္တလေးစက်ပိုင်အဝယ်တွေက ဈေးပိုပေးဝယ်နေပါတယ်။ ပဲစင်းငုံကတော့ ဝယ်ဈေး ၊ ရောင်းရယ်လို့ နှစ်မျိုးဈေးဖြစ်လာပါတယ်။ ရွှေဈေးက ဆက်မြင့်နေတော့ ပို့ကုန်ပဲဈေးတွေကတော့ ကျဆင်းစရာမရှိပါဘူး။" ဟု ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) ကပြောသည်။

"ပဲစင်းငုံဆိုရင် သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၂၃၀,၀၀၀ နဲ့ အိတ်ရေ ထောင်ချီအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီနေ့မှာတော့ တစ်အိတ် ၂၂၆,၀၀၀ ပေါက်ဈေးနဲ့ အရောင်းအဝယ် ဆက်ကောင်းနေပါတယ်။ တရုတ်လိုင်းသွားတဲ့ မြေထောက်ပဲကတော့ ထိပ်စတစ်အိတ် ၂၈၂,၀၀၀ ထိပေါက်ဈေးရှိလာပါတယ်။ ပဲဈေးကွက်တစ်ခုလုံးကတော့ ယခင်သီတင်းပတ်ထက် ဈေးတွေဆက်လက်မြင့်တက်နေပါတယ်။ ပို့ကုန်ပဲတွေ ဈေးတက်သလို ပြည်တွင်းသုံးပဲမာလိုင်းလည်း ဈေးတွေလိုက်တက်နေပါတယ်။ ပဲဈေးကွက် အရောင်းအဝယ်က သင်္ကြန်ထိ အရောင်းအဝယ် ခပ်သွက်သွက်ရှိနေပါတယ်။ သင်္ကြန်မတိုင်မီ ငွေပေးငွေယူရှင်းမှသာ အရောင်းအဝယ်က ကောင်းကောင်းဖြစ်တာပါ ” ဟု ၎င်းက ဆက်လက်ပြောသည်။

မတ်လတစ်လလုံး တဖြေးဖြေးဈေးမြင့်တက်လာသည့် ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံနှင့်ပဲတီစိမ်းတို့မှာ မတ်လ ၂၁ ရက်ပေါက်ဈေးအရ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀ ၊ ပဲစင်းငုံ(သစ်) ၆၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၂၂၈,၀၀၀ ဖြင့် အရောင်းဈေးရှိနေပြီး၊ ပဲတီစိမ်းရွှေဝါ(သစ်) ၅၆.၂၅ ပိဿာ တစ်အိတ်မှာ ၂၂၂,၀၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးကုန်စည်ဒိုင်ပေါက်ဈေးများအရ သိရသည်။

မတ်လ ၂၃ ရက်တွင် ပေါက်ဈေးအရ ကုလားပဲ V2 တစ်အိတ် ကျပ် ၂၁၁,၀၀၀၊ ပဲကြီးတစ်အိတ်ကျပ်၂၄၅,၀၀၀၊ ပဲထောပတ်တစ်အိတ်ကျပ်၂၄၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ်၂၈၀,၀၀၀၊ မြေပဲအနီလုံးဆံ တစ်ပိဿာ ကျပ် ၇၂၀၀-၇၄၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: Awba**

## မြေပဲဆန်အသစ်များဈေးကွက်အတွင်း အဝင်များလာသဖြင့် ပဲဆီဈေးနှုန်းကျဆင်းလာ

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်ထဲသို့ နယ်စုံဒေသမှ မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်လာသဖြင့် ပြည်တွင်းစားသုံးနေသည့် ပဲဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဈေးထိ လျော့နည်းကျဆင်းလာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

မြေပဲဆန်များသည် မန္တလေးဈေးကွက်အတွင်းသို့ နယ်စုံ ဒေသအသီးသီးမှ လှိုင်လှိုင်ဝင်ရောက်လာကြောင်း၊ ယခင်လကပြည်တွင်းစားသုံးနေသည့် ပဲဆီဈေးနှုန်းသည် တစ်ပိဿာလျင် ငွေကျပ် ၁၄၀၀၀ ဈေးအထိရှိခဲ့သော်လည်း၊ လက်ရှိအချိန်တွင် ပဲဆီ တစ်ပိဿာလျှင်ငွေကျပ် ၁၂၀၀၀ ဈေးအထိကျဆင်းလာကြောင်း၊ ယင်းပဲဆီဈေးနှုန်းနှင့်အတူ ကျန်ဆက်စပ်သည့် ဆီဈေးများလည်း အသီးသီးကျဆင်းလာကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ထဲကို နယ်စုံက မြေပဲဆန်တွေ လှိုင်လှိုင်ဝင်ရောက်နေတယ်။ ပြီးခဲ့တဲ့နှစ်ပတ်လောက်က မြေပဲဆန်ဈေးနှုန်းက အမြင့်ဆုံးဈေးထိရောက်ရှိခဲ့တယ်။ မြေပဲလုံး ဆန် (အနီ )က တစ်ပိဿာကိုငွေကျပ် ၇၆၀၀ နဲ့ S-1 မြေပဲလုံးဆန်(အဖြူ)က တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ဈေးထိဖြစ်ခဲ့တယ်။ ယခုမတ်လလယ်ပိုင်းမှာ မြေပဲဆန်တွေက မန္တလေးဈ ေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက် နေတဲ့အတွက် မြေပဲအနီလုံးဆန် တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ဈေးနဲ့ S-1 မြေပဲလုံးဆန်တွေကလည်း တစ်ပိဿာကို ကျပ် ၆၈၀၀ ဈေးထိကျဆင်း လာတယ်။ နယ်စပ်ဂိတ်တွေ ဖွင့်လိုက်တဲ့အတွက် ပြည်တွင်းရော၊ ပြည်ပရောဝယ်ယူမှုတွေရှိနေပါတယ်။ ခုရက်ပိုင်းမှာ တရုတ်ဝယ် လက်တွေက မြေပဲလုံးဆန် (အနီ)ကို အဓိက

ထားဝယ်ယူနေ တယ်။ " ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြော သည်။

မြေပဲသည်တစ်နှစ်ပတ်လုံးစိုက်ပျိုးထွက်ရှိသည့်ဆီထွက်သီးနှံဖြစ်ပြီး အဆိုပါမြေပဲကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ်အား ထားစိုက်ပျိုးကြကြောင်း သိရသည်။

Source: **မကွေးဂျာနယ်**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်မှ မတ်လ ၁၇ ရက်နေ့အတွင်း ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ပဲတီစိမ်း၊ မြေထောက်ပဲ၊ မြေပဲ၊ ပဲယင်း၊ ပြောင်း၊ ဖရဲသီး၊ နှမ်းနက်၊ နိုင်လွန်ပဲ၊ ပဲလွန်းဖြူ၊ ရွှေဖရုံသီးနှင့် ငရုတ်သီးများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၁၀၉၅၃၅၇၈.၇၆ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်မှ မတ်လ ၁၀ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၁၂၆၈၂၇၁၃.၃၅ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၇၂၉၁၃၄.၅၉ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်မှ မတ်လ ၁၇ ရက်နေ့ အတွင်းစက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ လယ်ထွန်စက်များ၊ ဓါတုဗေဒချည်ခင်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့် Empty Cargo Containner 45’ Feet များတင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၆၅၆၁၄၉.၉၇ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မတ်လ ၄ ရက်မှ မတ်လ ၁၀ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၆၄၀၆၇၃.၃၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၀၁၅၄၇၆.၆၇ ကန်ဒေါ်လာတန်ဖိုးပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၉၂၉၇၄၂၈.၇၉ ကန်ဒေါ်လာ ပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၂၇ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၅.၈၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source:** မနော်မြေကုန်သွယ်မှုဇုဟိုဌာန

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန် အရောင်းအဝယ်အေး ဈေးအေးလာ

မန္တလေးကုန်စည်ဒိုင်သို့ ဧရာဝတီမြစ်ဝကျွန်းဘက်နှင့် သပိတ်ကျင်း၊ မတ္တရာ၊ စဉ့်ကူးဘက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်နေကြောင်းသိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ အနည်းငယ်သာဝယ်ယူနေခြင်း၊ ပြည်တွင်းစားသုံးမှုတွင် စားအုံးဆီကိုအစားထိုး ဝယ်ယူစားသုံးလာခြင်း၊ စက်ပိုင်များမှ ဝယ်ယူမှုအေးလာခြင်း တို့ကြောင့် ဈေးအေးလာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။ ယခင်လထက် မြေပဲဆန် တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၁၀၀ မှ အမြင့်ဆုံး ၈၀၀ ထိ နိမ့်ကျလာသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၆၇၀၀၊ ယခင်တစ်ပတ် ကျပ် ၆၇၀၀ တစ်ပတ် ကျပ် ၆၇၀၀ မှ ၆၈၀၀၊ ယခင်တစ်ပတ် ကျပ် ၆၇၀၀ မှ ၆၈၀၀၊ ယခင် တစ်ပတ် ကျပ် ၆၇၀၀ မှ ၆၈၀၀၊ ယခင်လ ကျပ် ၇၀၀၀ မှ ၇၂၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ၊ ယခင်လထက် ကျပ် ၃၀၀ မှ ၅၀၀ နိမ့်ကျလာသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀၊ ယခင်တစ်ပတ်ကျပ် ၆၇၀၀ မှ၆၈၀၀၊ ယခင်လ ကျပ် ၇၅၀၀ မှ ၇၆၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၇၀၀ မှ ၈၀၀ နိမ့်ကျလာသည်။

**S1 ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၈၀၀ မှ ၆၀၀၀၊ ယခင်တစ်ပတ်ကျပ် ၅၈၀၀ မှ ၆၀၀၀၊ ယခင်လကျင် ၅၈၅၀ မှ ၆၃၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ယခင်လထက် ကျပ် ၅၀ မှ ၃၀၀ နိမ့်ကျလာသည်။
**Source:** ရတနာပုံကုန်သွယ်မှုဇုန်ဌာန

## STOCK EXCHANGE (22.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,646 (Shares) | 109,380,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,200 | 8,300 | 8,200 | 7 | 57,900 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 150 | 472,550 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 1 | 7,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 9,600 | 14,880,000 | 29,664,613 | 45,980 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 50 | 245,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 22nd Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.54 | +2.14 | +0.57% | 373.40 | 375.54 | 372.56 | 9,808 | 15,662,950 | 7 | 661,731 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Mar. 2023

| Trading Volume | Trading Value |
|---|---|
| 22,646 (Shares) | 109,380,350 (MMK) |

### Main Board

As of 1:00 pm, 22nd Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,646 (Shares) | 109,380,350 (MMK) |

| MYANPIX | 375.54 ▲ 2.14 |
|---|---|
| Total Volume (shares) | 9,808 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 661,731 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR